**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၅/ ၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃၊ ပုဒ်မခွဲ ( ခ ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၇ ခုနှစ် ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ်အရောင်းစင်တာ ( Sale Centre) တွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(က) မော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်မည့် ကုမ္ပဏီတစ်ခုအတွက် စီးပွားရေး အကျိုးဆောင် မှတ်ပုံတင်လက်မှတ်တစ်ခုဖြင့်သာ ဆောင်ရွက်ရမည်။

( ခ ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီ၏ ဘဏ်စာရင်း တွင် အာမခံငွေ (Deposit) အဖြစ် မြန်မာကျပ်ငွေ သိန်း (၁၅၀၀) အား မြန်မာ နိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် သီးခြားငွေ စာရင်းဖွင့်လှစ်၍ ထည့်သွင်း သိမ်းဆည်းထားရမည်။

( ဂ ) ကုန်သွယ်ခွန်နှင့် Withholding Tax များ ပေးဆောင်ခြင်းကို ပြည်တွင်းအခွန် များဦးစီးဌာန၏ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဃ) ရောင်းချပြီး မော်တော်ယာဉ်များအတွက် တစ်ဖက်နိုင်ငံသို့ ယာဉ်တန်ဘိုးပေးချေ ရာတွင် ငွေလွှဲလုပ်ငန်းများအား သက်ဆိုင်ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၏ ဘဏ္ဍာရေးစည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

( င ) မော်တော်ယာဉ် အရောင်းစင်တာ (Sale Center) တွင် ရောင်းချမည့် မော်တော် ယာဉ်များကို တင်သွင်းရာတွင် အပ်ကုန် (Consignment Basic) စနစ်အပြင် LC (Letter of Credit) ငွေလွှဲစာတမ်းဖြင့် ပေးချေသည့်စနစ် သို့မဟုတ် TT (Telegraphic Transfer) ကြေးနန်းငွေလွှဲပို့နည်းစနစ်ဖြင့် တင်သွင်းနိုင်သည်။

(စ) မော်တော်ယာဉ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ရန်ကုန်ဆိပ်ကမ်းအရောက် တင်သွင်းရမည်။

(ဆ) မော်တော်ယာဉ်အရောင်းစင်တာတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ယာဉ်အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်မည့် တာဝန်ပေးအပ်ထားသောအဖွဲ့အစည်းများ၏ အခါအားလျော်စွာထုတ်ပြန်သည့် သတ်မှတ်အရေအတွက်အတိုင်းသာ တင်သွင်းရမည်ဖြစ်ပြီး မော်တော်ယာဉ် ဥပဒေအရ နှစ်စဉ်အတည်ပြု ထုတ်ပြန်သော မော်တော်ယာဉ် အမျိုးအစားများနှင့် မော်ဒယ်နှစ်များအတိုင်းသာ တင်သွင်းရမည်။

(ဇ) တင်သွင်းလာသောမော်တော်ယာဉ်များကို သတ်မှတ်ထားသော မော်တော်ယာဉ် အရောင်းစင်တာနှင့်သိုလှောင်ရုံတွင်သာ ထားရှိရမည်။ ယင်းအရောင်းစင်တာမှအပ အခြားနေရာများတွင်ပြသရောင်းချခြင်း၊ဝယ်သူအားရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရ။

(ဈ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

(ည) အရောင်းစင်တာ ဖွင့်လှစ်မည့်နေရာနှင့် သိုလှောင်ရုံ သတ်မှတ်ချက်သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်မည့် တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းများ၏အခါအားလျော်စွာ ထုတ်ပြန်သော စံနှုန်း သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဋ) မော်တော်ယာဉ်အရောင်းစင်တာနှင့် သိုလှောင်ရုံနေရာသည် ယင်းအရောင်းစင်တာ ဖွင့်လှစ်မည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခု အတွင်း၌သာ တည်ရှိရမည်။

(ဌ) မော်တော်ယာဉ် အရောင်းစင်တာ ဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီအနေဖြင့် အရောင်းစင်တာအတွက် ခွင့်ပြုထားသော တင်သွင်းခွင့်လိုင်စင်ကို တစ်စုံတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်းမပြုရ။

(ဍ) မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်သည့် ကုမ္ပဏီအနေဖြင့် အရောင်းစင်တာတွင် (၁) နှစ်အတွင်း မရောင်းရသောမော်တော်ယာဉ်များကိုဖြစ်စေ၊ လုပ်ငန်း

ရပ်ဆိုင်း၍ ကျန်ရှိနေသောမော်တော်ယာဉ်များကိုဖြစ်စေ စာရင်းရှင်းလင်း၍ ယင်းကုမ္ပဏီအစီအစဉ်ဖြင့် ပြည်ပသို့ ပြန်လည်တင်ပို့ရမည်။

(ဃ) အပ်ကုန် (Consignment) ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များ ရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန်စာရင်းရှင်းလင်းခြင်း (သို့မဟုတ်) လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသောစည်းကမ်းများနှင့်အညီ စာရင်းရှင်းလင်းခြင်းတို့ကို အပြီးသတ် ဆောင်ရွက်ပြီးပါက အပ်နှံထားသောအာမခံငွေ (Deposit) မြန်မာကျပ်ငွေ သိန်း (၁၅၀၀) အား ပြန်လည် ထုတ်ယူနိုင်သည်။

(ဏ) မော်တော်ယာဉ်အရောင်းစင်တာတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော် ယာဉ်များနှင့်စပ်လျဉ်း၍ ထားရှိရမည့်စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ် စသည်တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှဖြစ်စေ၊ တာဝန် လွှဲအပ်သည့် အဖွဲ့အစည်းမှဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာ လုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(တ) အရောင်းစင်တာလက်မှတ်၊ စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်လက်မှတ်တို့ကို အနည်းဆုံးသက်တမ်းမကုန်မီ (၁) လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

၃။ ပြုပြင်ပြီး (Reconditioned) မော်တော်ယာဉ်များ တင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် ကိုက်ညီအောင် ပြုပြင်ထားသည့် မော်တော်ယာဉ်များကိုသာ တင်သွင်း ရမည်-

(က) Engine, tested and adjusted to complete condition including replacement of necessary parts (လိုအပ်သောအစိတ်အပိုင်းများကို ပြန်လည် အစားထိုးခြင်းအပါအဝင်အကောင်းပကတိပြည့်စုံကြောင်းစစ်ဆေးပြီး၊ တပ်ဆင် ပြီးသော အင်ဂျင်ဖြစ်ရမည်)၊

(ခ) Under chassis including brakes, overhauled and repaired to complete safety condition including replacement of necessary parts (လိုအပ်သောအစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်း အပါအဝင် အပြည့်အဝ ဘေးအန္တရာယ်ကင်းရှင်းရန် ဘရိတ်များမှအစ အသေးစိတ်စစ်ဆေးပြီးပြန်လည် ပြင်ဆင်ထားသည့်ယာဉ်အောက်ပိုင်းဖြစ်ရမည်)၊

( ဂ ) Body repaired to complete condition and be painted ( ပြီးပြည့်စုံသည့် အနေအထားသို့ရောက်သည်အထိ ဆေးသုတ်ပြုပြင်ထားသော ယာဉ်ကိုယ်ထည် ဖြစ်ရမည်)၊

(ဃ) Room inside, cleaned. ( ယာဉ်အတွင်းပိုင်း သန့်ရှင်းရမည် )၊

( င ) New battery and tyres (ဘက်ထရီနှင့် တာယာများအသစ်ဖြစ်ရမည်)။

( စ ) Standards which are standardized by the relevant ministries (example such as ambulance, fire engine & taxi) (သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ထားသောစံချိန်စံညွှန်းကိုက်ညီရမည်) (ဥပမာ - လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ အငှားယာဉ်တက္ကစီ)

၄။ အထက်အပိုဒ် ၂ နှင့် ၃ ပါစည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက သက်ဆိုင်ရာဌာနများ၏ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၄/ ၂(၁) - ၄၉/ ၂၀၁၇ ( ၃ )
ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်

**ဖြန့်ဝေခြင်း**
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း

မော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

တိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်